# ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ

# မူး(မုန်း)မြို့နယ်

ရက်စွဲ၊ ၂၀/၉/၂၀၂၄

## ကျေးရွာနှင့်ပြည်သူလူထုများ ရေကြီးနစ်မြုပ်မှုခံရသဖြင့် အရပ်ဖက်လူမှုကယ်ဆယ်ရေးများ လာရောက်ကူညီမှုကို စစ်ကောင်စီတပ်များ တားဆီးသိမ်းယူ ဖမ်းဆီးမှုများ ပြုလုပ်ခြင်းအပေါ် မူး(မုန်း) မြို့နယ် ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ၏ သဘောထားထုတ်ပြန်ချက်

(၁) မိမိတို့ မူး(မုန်း)မြို့နယ် ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် မိမိတို့ဒေသအတွင်းရှိ ပြည်သူလူထုများ၏ လူမှုဘဝလုံခြုံမှုကို မိမိတို့ တတ်နိုင်သည့်ဘက်က အစွမ်းကုန် ကူညီဖြေရှင်းပေးသည့် အရပ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် အားလျော်စွာ ပြည်သူလူထုများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးမျိုးအား သိရှိမှတ်တမ်းတင်ကာ လူ့အခွင့်အရေးအတွက် ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာအဖွဲ့အစည်းများ သိရှိပါဝင်လာနိုင်စေရန် ပြည်သူနှင့်အတူ ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။

(၂) ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့မှစ၍ ယခုလက်ရှိအချိန်အထိ စစ်တောင်းမြစ် ရေကြီးရေလျှံမှုကြောင့် မူး(မုန်း)မြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာစုစုပေါင်း (၁၀၃) ရွာ၊ အိမ်ခြေစုစုပေါင်း (၁၄,၂၆၁) လုံးနှင့် လူဦးရေစုစုပေါင်း (၄၈,၄၅၃) ဦးကို ကျေးရွာအရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း ကာ မိမိတို့ ကော်မတီအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရရှိနိုင်သည့် အရင်း အမြစ်များမှတစ်ဆင့် အစွမ်းကုန်ကြိုးပမ်းကူညီ ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

(၃) စစ်ကောင်စီတပ်များသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့တွင် စစ်အာဏာသိမ်းယူပြီးသည့် အချိန်မှစ၍ယနေ့အချိန်အထိ ဒေသခံ ပြည်သူလူထုများအပေါ်၌ နေ့စဉ်နည်းလမ်းပေါင်းစုံဖြင့် အကြမ်းဖက် နှိပ်စက်မှုများ ကို ကျူးလွန်နေသည်မှာ ပြည်သူတရပ်လုံး အသိပဲဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုရေကြီးမှုကြောင့် ဘေးဒုက္ခပေါင်းစုံနှင့် ကြုံတွေ့လျက်ရှိနေသော ပြည်သူများဆီသို့ လာရောက်အကူအညီပေးသော လူမှု ပရဟိတ အဖွဲ့အစည်းများအား တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပစ္စည်းများသိမ်းယူခြင်း၊ လက်နက်ကြီး ဖြင့် လိုက်လံပစ်ခတ်ခြင်း စသောအကြမ်းဖက်မှုများအပေါ်၌

မိမိတို့ မူး(မုန်း)မြို့နယ် ကရင်အရေးပေါ် ကူညီကယ်ဆယ်ရေးကော်မတီအနေဖြင့် ပြင်းထန်စွာ ရှုံ့ချပါသည်။

(၄) သို့ဖြစ်ရာ လက်ရှိဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် ဒေသခံပြည်သူလူထုများ အနေဖြင့် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ များစွာသော ကူညီထောက်ပံ့မှုများကို အရေးတကြီးလိုအပ်နေသည့်အချိန်ဖြစ်သဖြင့် ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာ လူမှုအကျိုးပြုအဖွဲ့အစည်းများ၏ အကူအညီများ ကူညီ ပံ့ပိုးပေးရန် မိမိတို့ မူး(မုန်း)မြို့နယ် အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီမှ တောင်းဆိုအပ်ပါသည်။

(၅) မိမိတို့ မူး(မုန်း)မြို့နယ် ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် အာဏာရှင်စနစ်ကို ကျင့်သုံးသော မည်သည့်အဖွဲ့အစည်းကိုမဆို လက်ခံမည်မဟုတ်ဘဲ ပြည်သူနှင့်အတူယှဉ်တွဲ၍ အမှန်တရားဘက်၌သာ အစဉ်အမြဲရပ်တည်သွားမည်ဖြစ်ကြောင်းကို အများပြည်သူတို့ သိရှိစေရန် သဘောထားထုတ်ပြန်အပ်ပါသည်။

ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ

မူး(မုန်း)မြို့နယ်

ဆက်သွယ်ရန် – +၈၅၉၂၅၄၃၂၉၀၂၅

+၈၅၉၄၀၇၄၀၆၁၈၂